# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## (၃၉) ရက်မြောက်နေ့ အစီအစဉ်

## [ ၃–၆– ၂၀၁၆ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၃၉)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ လိုင်စင်မဲ့ မော်တော် ဆိုင်ကယ်များကို အခွန်ပေးဆောင်စေပြီး လိုင်စင်ထုတ်ပေးရန်နှင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်နေသော ဆိုင်ကယ်၊ သုံးဘီး ဆိုင်ကယ်နှင့် ကားများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်းကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ ပန်းတောင်းမြို့နယ် တွင်းမှ ရုံးစိုက်ရာမြို့သို့လည်းကောင်း၊ တစ်မြို့နယ်လုံး မဖြစ်မနေ မှီခိုအားထားနေရသည့် ခရိုင်မြို့ (ပြည်မြို့) သို့လည်းကောင်း၊ ဆက်သွယ်ပေးနိုင်မည့် ယာဉ်များ စီစဉ်ဆောင်ရွက်ပေးရန်နှင့် အဝေးပြေးကားများ ဝင်ရောက်နိုင်ရန် လမ်းများနှင့် ကားဂိတ်များ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ ဂန့်ဂေါမြို့နယ်၊ ကျော– ရေမျက်နီ ရထားလမ်းတွင် ရထားပြန်လည်ပြေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၏ ဆက်သွယ်ရေး အလွန်ခက်ခဲသော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် GSM စနစ် တယ်လီဖုန်းလိုင်း တပ်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိန်ဟန်၊ ကံမ မဲဆန္ဒနယ်၏ ကြံခင်း– ပခုက္ကူ မီးရထားလမ်း ဖောက်လုပ်ခဲ့ရာ၌ လက်လွတ်ဆုံးရှုံးခဲ့ရသော ကံမမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ လယ်ယာမြေများကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် ကာလပေါက်ဈေးနှင့်အညီ နစ်နာကြေး ပေးလျော်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်က “ရန်ကုန်မြို့၊ ဗိုလ်တထောင် ဘုရားလမ်းနှင့် ဗိုလ်အောင်ကျော် တံတားအကြား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ ပိုင်ဆိုင်သော မြေဧရိယာ ဧက (၂၀)ခန့်ကို အသုံးပြု၍ ကောင်းမြန်မာအောင် သင်္ဘောကုမ္ပဏီမှ MIC ခွင့်ပြုချက်ဖြင့် စာချုပ် ချုပ်ဆိုခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေခြင်းအား ဆက်လက်ဆောင်ရွက်ပါက ဗိုလ်တထောင် ကမ်းနားတစ်လျှောက် သောင်ထွန်းမှု တောက်လျှောက်ဖြစ်ပေါ်လာနိုင်ခြင်း၊ သင်္ဘောရေလမ်းကြောင်း ပိတ်ဆို့နိုင်စေခြင်း၊ ဗိုလ်တထောင်သမိုင်းဝင် စေတီတော်၏ အဆောက်အဦများ စိုးရိမ်ဖွယ်ဖြစ်ခြင်း၊ ဘုရားဝတ်ပြုသူ တို့အား တုန်ခါမှု ဆူညံသံများဖြစ်စေကြောင်း၊ ရန်ကုန် ကမ်းနားလမ်း တစ်လျှောက် Container ကားများပိတ်ဆို့နိုင်စေခြင်း စသည်တို့ကြောင့် အဆိုပါစီမံကိန်းအား ရပ်ဆိုင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း” အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၀) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။